# ၁၉၅၆ ခုနှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့်တည်မြဲရေး အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေ အမှတ် ၁၀။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို ၁၉၅၆ ခုနှစ်၊ ကင်းလွတ်ချမ်းသာခွင့်နှင့်တည်မြဲရေး အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ဤအက်ဥပဒေတွင်—

(က) " စစ်သေနာပတိချုပ် " ဆိုသည်မှာ၊ ပြည်ထောင်စု မြန်မာနိုင်ငံ လက်နက်ကိုင်တပ်ပေါင်းစုံစစ်သေနာပတိချုပ်ကို ဆိုလိုသည်။

(ခ) " တချက်လွှတ်ဥပဒေ " ဆိုသည်မှာ၊ ၁၉၅၅ ခုနှစ်၊ စစ်ဥပဒေ ထုတ်ပြန်ကြေညာမှုဆိုင်ရာ တချက်လွှတ်ဥပဒေ (၁၉၅၅ ခုနှစ်၊ တချက်လွှတ် ဥပဒေ အမှတ် ၁) ကိုဆိုလိုသည်။

(ဂ) ရာဇဝတ်ဖြစ်မှုကိုဖြစ်စေ၊ တရားမဖြစ်မှုကိုဖြစ်စေ ရည်ညွှန်း၍အသုံး ပြုသည့်အခါ၊ " အပြုအမူ " ဆိုသည့်စကားရပ်တွင် ဆက်ကာ ဆက်ကာပြုသည့် အပြုအမူများလည်း ပါဝင်သည်။ ထို့ပြင် ပြုသည့်အပြုအမူများကိုရည်ညွှန်းသည့်စကားရပ်သည် ပျက်ကွက် မှုများကိုလည်းရည်ညွှန်းသည်။

(ဃ) " သောင်းကျန်းမှုကာလအပိုင်းအခြား " ဆိုသည်မှာ၊ အရပ် ဒေသတခုခုနှင့် စပ်လျဉ်း၍ ၁၉၅၅ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၂၁ ရက်နေ့မှ၊ ဤအက်ဥပဒေကိစ္စအလို့ငှါ နိုင်ငံတော်သမ္မတ က အမိန့်ကြော်ငြာစာဖြင့်၊ ထိုအရပ်ဒေသအတွက် သောင်းကျန်းမှု ကာလအပိုင်းအခြားကုန်ဆုံးသည့်နေ့ ဟုသတ်မှတ်သည့်နေ့အထိ ကာလအပိုင်းအခြားကို ဆိုလိုသည်။

၃။ ။(၁) တချက်လွှတ်ဥပဒေ ပုဒ်မ ၂ အရထုတ်ပြန်သည့် ကြေညာ ချက်တည်ဆဲတွင် စစ်သေနာပတိချုပ်ကခန့်အပ် ဖွဲ့စည်းထားသည့် တရားရုံးများ၊ အာဏာပိုင်များနှင့် ခုံအဖွဲ့များကချမှတ်ခဲ့သော အမိန့်စီရင်ချက်၊ ပြစ်ဒဏ်စီရင်ခြင်း တို့သည်၊ ထိုကြေညာချက် ရပ်စဲသော်လည်း တည်မြဲလျက်ရှိစေရမည်။

(၂) ပုဒ်မခွဲ(၁) တွင်ဖေါ်ပြခဲ့သော တရားရုံးများ၊ အာဏာပိုင်များ၊ သို့တည်းမဟုတ် ခုံအဖွဲ့များ၏ ပြစ်ဒဏ်စီရင်ချက်အရ၊ ထောင်ဒဏ်ဖြစ်စေ၊ အခြား ပြစ်ဒဏ်ဖြစ်စေ ခံရသူတိုင်းသည်တချက်လွှတ်ဥပဒေပုဒ်မ ၂ အရထုတ်ပြန်သည့်ကြေညာ ချက်ရပ်စဲသော်လည်း၊ အဆိုပါထောင်ဒဏ်ကို၊ သို့တည်းမဟုတ် အခြားပြစ်ဒဏ်ကို၊ ထိုပြစ်ဒဏ်စီရင်ချက်အရဆက်လက်၍ခံရမည်။

(၃) တချက်လွှတ်ဥပဒေပုဒ်မ ၂ အရထုတ်ပြန်သည့် ကြေညာချက် တည်ဆဲတွင်၊ မူလရာဇဝတ်တရားရုံးများနှင့် ခုံအဖွဲ့များ၏ ပြစ်ဒဏ်စီရင်ချက်များကို ကြည့်ရှုပြင်ဆင်ရန် စစ်သေနာပတိချုပ်က ခန့်အပ်ထားသော တရားရုံးများတွင်၊ သို့ တည်းမဟုတ် အာဏာပိုင်များထံတွင်၊ ထိုကြေညာချက် ရပ်စဲသည့်အခါ၌ မပြီးမပြတ်

အဘိုး—၁၀ ပြား]

ဖြစ်နေသော ကြည့်ရှုပြင်ဆင်မှုများကိုဖြင်း၊ ထိုကျေညာချက်တည်ဆဲတွင် တချက်လွှတ် ဥပဒေအရ ခန့်အပ်ထားသော မူလရာဇဝတ်ရုံးများနှင့် ခုံအဖွဲ့က ချမှတ်ပြီးဖြစ်သော အမိန့်၊ စီရင်ချက်၊ သို့တည်းမဟုတ် ပြစ်ဒဏ်စီရင်ခြင်းနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်မည့် ကြည့်ရှုပြင်ဆင်မှုများကိုဖြင်း၊ ထိုကျေညာချက်ရုပ်စဲသော်လည်း တည်မြဲလျက်ရှိသကဲ့သို့ အပြီးတိုင်အောင် ဆက်လက်၍ ကြည့်ရှုပြင်ဆင်ရန် သက်ဆိုင်ရာ တရားရုံးများနှင့် အာဏာပိုင်များ၌ အာဏာရှိရမည်။

၄။ ။(၁) ရေတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ ကုန်းတပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ မြို့ပြဆိုင်ရာ မှုထမ်း ရာထမ်း အဖြစ်ဖြင့် ဖြစ်စေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏၊ သို့တည်းမဟုတ် ပြည်ထောင်စု မြန်မာနိုင်ငံအဖွဲ့ဝင် ပြည်နယ်တခုခု၏ အမှုကိုထမ်းရွက်သူက သော်၎င်း၊ ယင်းသို့ အမှုထမ်းရွက်သူ၏ အခွင့်အာဏာအရ၊ အခြားဆောင်ရွက်သူတဦး တယောက်ကသော်၎င်း၊ သောင်းကျန်းမှုကာလအပိုင်းအခြားအတွင်း—

(က) မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရာ၌သော်၎င်း၊
(ခ) သောင်းကျန်းမှုကို နှိမ်နင်းရန်အတွက်သော်၎င်း၊
(ဂ) ငြိမ်ဝပ်ပိပြားရေးတည်မြဲစေရန်အတွက်၊ သို့တည်းမဟုတ် ပြန်လည်ရရှိရန်အတွက်သော်၎င်း၊
(ဃ) စည်းကမ်းသေဝပ်မှုရှိအောင် ဆောင်ရွက်ရန်အတွက်သော်၎င်း၊
(င) ပြည်သူ့လုံခြုံမှုရရှိအောင် ဆောင်ရွက်ရန်အတွက်သော်၎င်း၊
(စ) တိုင်းသူပြည်သားတို့ နေထိုင် စားသောက် ဝတ်ဆင်ရေးအတွက် အထူးလိုအပ်သော အရာဝတ္ထုများနှင့် ဆောင်ရွက်မှုများကို စီမံထားရှိရန်အတွက်သော်၎င်း၊
(ဆ) ပြည်ထောင်စု မြန်မာနိုင်ငံ ကာကွယ်ရေးအတွက်သော်၎င်း၊
(ဇ) အခြားနည်း ပြည်သူ့အကျိုးဖြစ်ထွန်းရန်အတွက်သော်၎င်း

သဘောရိုးဖြင့်အပြုအမူတခုခုကိုပြုလျှင်၊သို့တည်းမဟုတ် ပြုသည့်သဘောဖြင့်ဆောင်ရွက်လျှင်၊ ထိုအပြုအမူအတွက်၊ သို့တည်းမဟုတ် ထိုအပြုအမူကိုအကြောင်းပြု၍၊ သို့တည်းမဟုတ် ထိုအပြုအမူနှင့်စပ်လျဉ်း၍ မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ အမှုအခင်းစွဲဆိုခြင်းကို၊ သို့တည်းမဟုတ် လက်ခံစစ်ဆေးခြင်းကိုမပြုရ။

(၂) ပုဒ်မခွဲ(၁)တွင်ဖော်ပြထားသည့် တပ်သား၊ သို့တည်းမဟုတ် မှုထမ်းရာထမ်းအဖြစ်ဖြင့် ဆောင်ရွက်သူတဦးတယောက်က၊ ထိုပုဒ်မခွဲတွင် သီးခြားဖော်ပြထားသည့်အခြေအနေများအရ၊ထိုပုဒ်မခွဲတွင်ဖော်ပြထားသည့်အကြောင်းတခုခုအတွက် ပြုသည့်၊ သို့တည်းမဟုတ် ပြုသည့်သဘောဖြင့် ဆောင်ရွက်သည့် အပြုအမူတခုခုကို သဘောရိုးဖြင့် ပြုခဲ့သည်မဟုတ်ကြောင်းဖြင့်စွပ်စွဲလျှင် ထိုအပြုအမူအတွက်၊ သို့တည်းမဟုတ် ထိုအပြုအမူကိုအကြောင်းပြု၍၊ သို့တည်းမဟုတ် ထိုအပြုအမူနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမတ၏ အခွင့်အမိန့်ကိုကြိုတင်မရရှိဘဲ တရားမကြောင်းဖြင့်ဖြစ်စေ၊ ရာဇဝတ်ကြောင်းဖြင့်ဖြစ်စေ၊ စွဲဆိုသည့်အမှုအခင်းကို မည်သည့်တရားရုံးတွင်မျှ လက်ခံစစ်ဆေးခြင်းမပြုရ။

(၃) ဆိုခဲ့သည့် အမှုထမ်းရွက်သူ ပြုသောအပြုအမူ တခုခုကို၊ ဆိုခဲ့သည့် အကြောင်းတခုခုအတွက် ဆောင်ရွက်ရာ၌ ပြုခဲ့သည်ဟူ၍သော်၎င်း၊ အခြားသူတဦး

တယောက်ပြုသောအပြုအမူတခုခုကို ဆိုခဲ့သည့်အမှုထမ်းရှက်သူ၏ အခွင့်အာဏာအရ ဆိုခဲ့သည့်အကြောင်းတခုခုအတွက်ပြုခဲ့သည်ဟူ၍သော်၎င်း၊ ဖေါ်ပြပါရှိသောနိုင်ငံတော်သမတ ၏အခွင့်အမိန့်အရထုတ်ပေးသည့်လက်မှတ်သည် ဤပုဒ်မအလို့ငှါ၊ ထိုလက်မှတ်တွင် ပါရှိသည့်အတိုင်း အပြီးပြတ်တည်သောသက်သေခံထင်ရှားချက်ဖြစ်ရမည်။ ထို့ပြင် ယင်းသို့ ပြုခဲ့သည့်အပြုအမူတခုခုကိုသဘောရိုးဖြင့်ပြုခဲ့သည်မဟုတ်ဟုထင်ရှားမပြနိုင်လျှင် ယင်းသို့မပြသမျှကာလပတ်လုံး ထိုအပြုအမူကို သဘောရိုးဖြင့် ပြုခဲ့သည်ဟု မှတ်ယူရမည်။

၅။ ။ဤအက်ဥပဒေဝါမည်သည့်အချက်ကမျှ —

(က) ပြည်ထောင်စု မြန်မာနိုင်ငံ အစိုးရကဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံအစိုးရ၏ကိုယ်စားဖြစ်စေ၊ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရကဖြစ်စေ၊ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ်အစိုးရ၏ကိုယ်စားဖြစ်စေ၊ တရားမကြောင်းဖြင့်၊ သို့တည်းမဟုတ် ရာဇဝတ်ကြောင်းဖြင့်အမှုအခင်းစွဲဆိုခြင်းကိုသော်၎င်း၊

(ခ) ပဋိညာဉ်အရ အခွင့်အရေးများနှင့်ဖြစ်စေ၊ ပဋိညာဉ်ပျက်ကွက်မှုများနှင့်ဖြစ်စေ၊ စပ်လျဉ်းသည့်အမှုများကို အချင်းဖြစ်အကြောင်းအရာပေါ်ပေါက်သည့်နေ့မှတနှစ်အတွင်း တရားမကြောင်းဖြင့်၊ သို့တည်းမဟုတ် ရာဇဝတ်ကြောင်းဖြင့် အမှုအခင်းစွဲဆိုခြင်းကိုသော်၎င်း

ထိခိုက်သည်ဟုမမှတ်ယူရ။

ပ၊မ၊မ၊စ၊—အမှတ် ၃၃၀၊ တရားရေးဝန်ကြီးဌာန၊ ၂၇-၁၀-၅၆—၂,၂၀၀—၂။